# အင်္ဂလန်ခရီး မပြီးသေးပါ–၇

အရှင်ဥာဏိက

ဇွန်လ ၄ ရက်

## ဝင်ဆာရဲတိုက်သို့ အဝင်



ဝင်ဆာရဲတိုက်ကြီးနဲ့ ဝင်ဆာမြို့စားကြီးဆိုတဲ့ စကားနှစ်လုံးကို ငယ်ငယ်ကတည်းက ရင်းနှီးနေခဲ့တာ။ ကိုယ်လို ရှာငယ် ဇနပုဒ်ဖွား တောသားစစ်စစ် တစ်ယောက်က ခုလို အနောက်ကမ္ဘာ၊ နေမဝင် အင်ပါယာရဲ့ မဟာနွယ်များဆိုင်ရာ ဝင်ဆာဆိုတဲ့နာမည်နဲ့ ရင်းနှီးနေခဲ့တာ အံ့မယ်ဆိုက အံ့သြစရာပဲ့။ အရင်က ဝင်ဆာဆိုတဲ့အမည်နဲ့သာ ရင်းနှီးနေခဲ့တဲ့ ဒီတောသားကပဲ ခုတော့ ဝင်ဆာရဲတိုက်ကြီးအတွင်းကို ကမ္ဘာလှည့်ခရီးသည်တစ်ဦးအဖြစ် ဝင်ရောက်လေ့လာနေပြီလေ။ ပိုပြီး အံ့သြစရာမဟုတ်လား။

ဒီလိုဖြစ်လာအောင်ကူညီပံ့ပိုးကြတဲ့သူတွေကို သိပ်ပြီးကျေးဇူးတင်မိပါရဲ့။ ကျေးဇူးတင်ရမည့်သူတွေထဲမှာ ‘ဗုဒ္ဓ’ရှေဆုံးကဖြစ်တယ်ဆိုတာကိုလဲ မပြောပဲမနေနိုင်လို့ ပြောလိုက်ချင်ပါသေးတယ်။ ဗုဒ္ဓကိုများ ကျေးဇူးတင်သလေး၊ ဘာလေးနဲ့ မရှိမသေလုပ်ရန်ကောလို့ အပြစ်ပြောမည့်သူတော့လဲ ရှိမယ်မထင်ပါဘူး။ နောက်ပြီး လွန်ခဲ့တဲ့နှစ်လလောက်အထိ အင်္ဂလန်ကို လာလည်ဖို့အစီအစဉ် မရှိခဲ့သေးပါပဲ ခုလိုမြန်မြန်ဆန်ဆန် လာဖြစ်အောင် တိုက်တွန်းအားပေးခဲ့တဲ့ ရွှေမင်းဝံဆရာတော် ဘဒ္ဒန္တ သောဘဏ၊ ခရီးစဉ်အတွက် လေယာဉ်လက်မှတ် လှူဒါန်းခဲ့ကြတဲ့ ဦးထွန်းမောင် ဒေါ်အေးအေးလင်း သား ကိုမိုးကျော် မိသားစု၊ ဦးမြတ်သူနဲ့ ဦးကြည်ညွန့်တို့ကိုလဲ ကျေးဇူးစကား ပါးရမှာပဲပေ့ါ။

သူတို့အားလုံးကြောင့် ခုဒီစာကို သင်ဖတ်နေရလို့ သင်လည်းပဲ သူတို့ကို ကျေးဇူးတင်မယ်ဆိုက ကျေးဇူးတင်လိုက်ဦးပေ့ါနော။ ကိုယ်ကတော့ ခုလို ကိုယ့်စာကို အချိန်ပေးပြီးဖတ်တဲ့ သင့်(စာဖတ်သူ)ကိုလည်းပဲ ကျေးဇူးတင်ပါကြောင်း ပြောလိုက်ပါတယ်။ ဟုတ်တယ်လေ။ စာဖတ်သူတွေက လိုလိုလားလား ဖတ်ကြတယ်ဆိုတာ သိရတဲ့အတွက်ကြောင့်သာ ခုလိုရေးဖြစ်နေတာပေ့ါ။ ဘယ်သူမှ ဖတ်သူမရှိဘူးဆိုလျှင် တနေ့လုံး မနားတမ်းသွားပြီး ကိုယ်ကြည့်ရှု လေ့လာထားသမျှလေး ကိုယ့်ဦးနှောက်ထဲက ပျောက်မသွားမီ တညလုံးနီးပါး မအိပ်နိုင်ပဲ ပြန်လည်တိုက်ရိုက်ရတဲ့ ခုလိုအလုပ်မျိုးကို အားတက်သရော ဘယ်မှာလုပ်နိုင်ပါ့မလဲ နော။ နောက်ပြီး ဦးနှောက်ထဲမှာ ဘယ်အရာမှ အချိန်ကြာကြာ သိမ်းဆည်းမထားတတ်တဲ့ ကိုယ့်အဖို့ နောင်အချိန်ကြာမှ ပြန်ရေးဖို့ဆိုတာလဲ ခုလိုလွယ်ကူမယ် မဟုတ်ပါဘူး။

ဝင်ဆာဆိုတဲ့ ဒီနာမည်ကို ဘယ်လိုနေရာ ဘယ်သူ့ဆီကနေ ဘယ်အချိန်လောက်ကတည်းက ဘယ်လိုဆက်စပ်ပြီး ကြားခဲ့ရတယ်တော့ မသိဘူး။ ဝင်ဆာကတော့ ကိုယ်နဲ့ အတော်ရင်းနှီးတဲ့စကား ဖြစ်လို့နေတယ်။ ဝင်ဆာရဲတိုက်ကြီး ဆိုလိုက်တာနဲ့ စိတ်ထဲကလည်း ပစ်စင် ပြအိုး သူရဲခို စတာတွေနဲ့ အင်မတန်ခမ်းနားကြီးကျယ်တဲ့ အဆောက်အဦ နီနီရဲရဲကြီးကို ပုံဖော်မိရက်သား။ ကိုယ့်စိတ်ကူးထဲမှာ ပြသာဒ်ဆောင်တွေတော့ အလျင်ကတည်းက မပါပါဘူး။ နောက်ပြီး ကျုံးရေပြင်လည်း မပါဝင်ဘူး။ သို့ပေမယ့် ကိုယ့်စိတ်ကူးထဲက ဝင်ဆာထဲမှာ တောင်ကုန်းငယ်တစ်ခုတော့ ပါဝင်နေတယ်။ ရဲတိုက်ဘေးမှာ ကွေ့ကာဝိုက်ကာ စီးမျောနေတဲ့ ရေစီးကြမ်းကြမ်း မြစ်တစ်စင်းလည်း ပါဝင်တယ်။ အကြောင်းရှိလျှင် ရဲတိုက်ထဲကနေ မြစ်ထဲကို လျှို့ဝှက်စွာ ဝင်နိုင်ထွက်နိုင်တဲ့ ထွက်ပေါက်တစ်ခုလည်းရှိတယ်။ အဲဒီထွက်ပေါက်ဘေးမှာတော့ အမြဲမပြတ် စောင့်ကြပ်နေတဲ့ လှေတစ်စင်းနဲ့ လူ့ဘီလူးကြီးနှစ်ကောင်လည်း ရှိတယ်။ လက်မှာလည်း အလွန်တရာကြီးမားတဲ့ လှံကြီးတစ်ချောင်းနဲ့ ဒိုင်းခွက်ကြီးကိုလည်း ကိုင်လို့။ ရဲတိုက်ကြီးအရှင် မြို့စားကြီးကလည်း မျက်နှာပေါက်ဆိုးဆိုး၊ မာန်ပါပါနဲ့ ခြေနှစ်ချောင်းကားရပ်ကာ ဟန်ပါပါ ခါးကြီးကိုထောက်လို့။ ဒါကကိုယ့်စိတ်ကူးထဲက ရဲတိုက်ကြီးနဲ့ သူ့ပရိသတ်။ ကြည့်ဖူးဖတ်ဖူးတဲ့ ရုပ်ရှင်တွေဝတ္ထုတွေကနေအခြေခံပြီး ဒီပုံစံကို စိတ်ထဲက ဖော်ဆောင်ခဲ့သလားတော့ မဆိုနိုင်ဘူးပေ့ါ။

ခြုံပြောရလျှင် ရဲတိုက်ဆိုတာ ကြီးကျယ်မှုကို ကိုယ်စားပြုတဲ့နေရာ။ ရဲရင့်မှုရဲ့ သရုပ်သကန်။ သမိုင်းကြောင်းတွေနဲ့ ဆက်စပ်နေတဲ့နေရာ။ နန်းတွင်းအရေးတော်ပုံတွေနဲ့ ရှုပ်ပွေလိန်နေတဲ့နေရာရယ်လို့ စိတ်ကအလိုလို ပြဋ္ဌာန်းသတ်မှတ်ပြီးသား။ ဒီဝင်ဆာရဲတိုက်ကြီးက ကိုယ့်ထင်ထားခဲ့တဲ့အချက်အလက်တွေနဲ့ တစ်ထပ်တည်းရော ကျသလား။ ထင်ထားတာတွေနဲ့ တခြားစီဖြစ်နေသလား။ မရောက်မီက စိတ်စောနေမိတယ်။ တကယ်ရောက်သွားတော့ ကိုယ့်နှိုင်းယှဉ်လိုမှုက နောက်ကိုရောက်သွားတယ်။ အတိတ်တွေကိုလည်း မေ့သွားတယ်။ ကိုယ်မြင်လိုက်ရတဲ့ ဝင်ဆာရဲ့ခမ်းနားမှုက ကိုယ့်ကိုပစ္စုပ္ပန်က ပြေးမထွက်နိုင်အောင် ဖမ်းစားချည်နှောင်ထားခဲ့တယ်။ ကြည့်ပါဦး။ ဝင်ဆာရဲတိုက်ကြီးကို သစ်သားနဲ့ စတင်တည်ဆောက်ခဲ့တာက အေဒီ ၁၁ ရာစုကတဲ့။ သူများတွေက ကိုယ့်သမိုင်းအကြောင်းပြောလျှင် One decade / two decade (ဆယ်စုနှစ်)၊ One century / two century (ရာစုနှစ်) လောက်ပဲ ပြောနိုင်ချိန်မှာ သူတို့က Millennium (ထောင်စုနှစ်) နဲ့ သမိုင်းအကြောင်း ပြောနေကြပြီ။ မှတ်တမ်းပြုမှုမှာ ဘယ်လောက်များ လက်ဦးမှု ယူတတ်သူများပါလဲ။ ဂုဏ်ယူစရာ မဟုတ်ပေမယ့် ကြုံလာလို့ ပြောရလျှင် ကိုယ်တို့လူမျိုးကတော့ မှတ်တမ်းဖျောက်မှုမှာ တဖက်ကမ်းခတ် တတ်ကျွမ်းကျင်ကြပါတယ်လေ။

သမိုင်းမှတ်တမ်းတွေအဆိုအရ နှစ်ပေါင်းကိုးရာအတွင်း ဒီဝင်ဆာရဲတိုက်ကြီးဟာ အဆင့်ဆင့်ပြောင်းလဲခဲ့ပါတယ်တဲ့။ အဆောက်အဦရဲ့ ပုံစံသာမက ဒီရဲတိုက်ကြီးမှာ နေထိုင်ကြတဲ့သူတွေရဲ့ အခြေအနေတွေလည်း အမျိုးမျိုးပြောင်းလဲခဲ့ပါတယ်။ တခါခါမှာ အောင်မြင်သူတို့ရဲ့ စံအိမ်၊ တခါခါမှာတော့ တိုက်ခိုက်သူတို့ရဲ့ ခံတပ်၊ တခါခါများမှာတော့လည်း နန်းကျဘုရင်ဘုရင်မတို့ရဲ့ အကျဉ်းစံနေရာတွေလည်း ဖြစ်ခဲ့ပါတယ်တဲ့။ ခန့်ငြားကြီးကျယ်မှုတွေနောက် သိမ်ငယ်မှုတွေရှိတတ်သလို အောင်မြင်မှုတွေနောက်မှာလည်း ကျရှုံးမှုတွေရှိတတ်ကြောင်းကို ဝင်ဆာသမိုင်းက ပြောနေသလို ခံစားမိပါတယ်။

ဝင်ဆာရဲတိုက်ရှိရာ ဘက်ရှိုင်းရားကောင်တီရဲ့ ဝင်ဆာမြို့လေးကိုရောက်တော့ ရှေးဟောင်းမြို့လေးတစ်မြို့ ရောက်သွားရသလို။ ဝင်ဆာနဲ့ အီတန်ဗဟို (Windsor & Eton Central station) ဘူတာရုံလေးကလည်း ပဒေသရာဇ်နှောင်းပိုင်းနဲ့ ကိုလိုနီခေတ်ဦး ဇာတ်ကားများထဲက ပုံစံအတိုင်း။ နန်းဟန်နွယ်တဲ့ စက်မှုခေတ်အကြို ပုံဟန်။ ဘုရင်မကြီးအသုံးပြုလေ့ရှိတဲ့ ရထားခေါင်းအိုတစ်ခုကိုလည်း ဘူတာထဲမှာ ပြသထားတယ်။ ဒါကပင် ရာဇဝင်ကို ပိုမိုပီပြင်စေတဲ့ သဘော။ ဘူတာရုံအဆောက်အဦလေးရဲ့ ခေါင်မိုးနဲ့ ဘူတာစကြံန်အပေါ်ပိုင်းနံရံတွေမှာလည်း ညစ်ထေးထေး အရောင်အဆင်း။ ကင်းအိမ်ဟောင်းတွေလည်း ကပ်လို့။ သေသပ်သန့်ရှင်းမှုကို အလေးထားတဲ့ အင်္ဂလိပ်တွေအနေနဲ့ ခုလို ကမ္ဘာလှည့်ခရီးသွားတွေနဲ့ စည်ကားရာအရပ်က ရထားဘူတာရုံသေးသေးလေးမှာ ဟောင်းနွမ်းမှုတွေကို ထင်နေစေခြင်းဟာ အကြောင်းမဲ့တော့ ဟုတ်မယ် မဟုတ်ဘူးလို့ တွေးထင်မိတယ်။

ဘူတာရုံလေးကအထွက် Winsor Royal Shopping Centre ရဲ့ အမိုးကျယ်ကျယ်အောက်က ခေတ်ဟောင်းခေတ်သစ် ပစ္စည်းမျိုးစုံရောင်းချနေတဲ့ ဈေးဆိုင်တန်းလေးကအထွက်မှာတော့ ဘွားကနဲပဲ ဝင်ဆာရဲတိုက်ကြီးတစ်ခုလုံးကို လွှမ်းခြုံကာ မြင်လိုက်ရတယ်။ ဝင်ဆာရဲ့အစိတ်အပိုင်း၊ တောင်ကုန်းရဲ့ အနိမ့်ပိုင်းမှာရှိတဲ့ စိန့်ဂျော့ဂျ်ဘုရားကျောင်းရဲ့ အနုပညာလက်ရာတွေနဲ့ ဗိသုကာပညာအလှက ဝင်ဆာရဲ့ခမ်းနားထည်ဝါမှုကို အစပျိုး အံ့သြခြင်းနဲ့ မိတ်ဆက်ပေးလိုက်သလို ခံစားလိုက်ရတယ်။ ပထမအတွေ့ကြုံမြင်ကွင်းဟာ အရေးပါတဲ့ First impression ဖြစ်တယ်ဆိုလျှင် ဝင်ဆာဟာ ဒီအတွက် ပြယုဂ်ကောင်းတစ်ခုလို့ ဆိုရမှာပါ။ အဝင်ဝ မြင်ရတဲ့ စိန့်ဂျော့ဂျ် ဘုရားကျောင်းကြီးကပဲ ဝင်ဆာမှာ ဘာတွေမြင်လာနိုင်လိမ့်ဦးမလဲဆိုတဲ့ ကိုယ့်ရဲ့ မျှော်လင့်မှုကို ထက်သန်စွာ နိုးထလာစေနိုင်ခဲ့ပါတယ်။

လက်မှတ်အရောင်းဌာနကနေပေးလိုက်တဲ့ တီဗီရီမုကွန်ထရိုးလို နားကြပ်လေးကတဆင့် ကြိုတင်အသံသွင်းထားတဲ့ ဝင်ဆာရဲ့ အကြောင်းအရာကို သူ့နေရာ သူ့အခန်းအတိုင်း နားထောင်နိုင်ပါတယ်။ ကိုယ်ကတော့ သူပြောတာတွေလိုက်နားထောင်ဖို့ထက် ကိုယ်ကြည့်လိုတာတွေကိုသာ ဂရုစိုက်ပြီးကြည့်ခဲ့လိုက်တယ်။ သူပြောသမျှနားထောင်နေရင် ဘယ်မှာကိုယ့်တွေ့သမျှတွေအပေါ် အာရုံစိုက်နိုင်ပါ့မလဲ။ ဒီနေရာမှာ Seeing is believing ဆိုတဲ့ အစွဲကလည်း ကိုယ့်ကို မြင်မှုအပေါ်မှာသာ ယုံကြည်တတ်တဲ့ တဖက်စွန်းကို တွန်းပို့ပေးခဲ့တာ ဖြစ်ကောင်းဖြစ်မယ်လေ။ ဒါပေမယ့် ကိုယ့်မှာတော့ ကိုယ်တိုင်မြင်ရပါလျက် ယုံကြည်မှုတွေ လွဲချော်ခဲ့ရတာ ရှိခဲ့ဘူးပါရဲ့။ သင်လည်းပဲ ကိုယ့်လိုပဲလား။ ရှိလျှင် ပြောပြပါဦးလေ။ ဗဟုသုတအဖြစ် နားထောင်ရတာပေါ့။

ဝင်ဆာရဲတိုက်ကြီးက ကမ္ဘာပေါ်မှာ ရှေးအကျဆုံးနဲ့ အကြီးမားဆုံး လက်ရှိနေထိုင်နေဆဲ ရဲတိုက်ဖြစ်ပါတယ်တဲ့။ ဒါဆို လူမနေတဲ့ ရဲတိုက်တွေကရော ဘယ်မှာများရှိသေးပါလိမ့်။ ဝင်ဆာလိုကျော်ကြားတဲ့ တခြားရဲတိုက်ကို ကိုယ်တော့ မကြားသိဖူးပါဘူး။ ရဲတိုက်ကြီးရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ စိန့်ဂျော့ဘုရားကျောင်းကြီးက ရဲတိုက်အနောက် အဝင်တံခါးဝမှာ ထင်ထင် ရှားရှား။ ဒုတိယမြောက် အဲလီဇဘက်ဘုရင်မကြီးက စိန့်ဂျော့ဂျ်ဘုရားကျောင်းရဲ့ အကြီးအကဲပါ။ စိန့်ဂျော့ဟာ ဝင်ဆာနေသူတွေရဲ့ ရှိခိုးဝတ်ပြု ဆုတောင်းရာ နေရာလည်းဖြစ်ပါသတဲ့။ ဒီဘုရားကျောင်းကြီးမှာပဲ တော်ဝင်မိသားစုဝင်တွေအများအပြားနဲ့ ဂုဏ်သရေရှိစုံတွဲတွေရဲ့ လက်ထပ်မင်္ဂလာအခမ်းအနားတွေကိုလည်း ပြုလုပ်ခဲ့ကြပါတယ်တဲ့။ လက်ရှိအိမ်ရှေ့ မင်းသား ချားလ်နဲ့ ကြင်ယာတော် ကမဲလာ ပက်ကာ ဘိုးလ်တို့လဲ ဒီဘုရားကျောင်းမှာပဲ မင်္ဂလာဦး ကောင်းချီးပေးမှုကို ခံယူခဲ့ပါတယ်တဲ့။ ရာသက်ပန် ရိုးမြေကျ ပေါင်းရပါစေသားလို့ ကိုယ်ကလည်း သတိတရ ထပ်လောင်း ဆုတောင်းပေးလိုက်ပါရဲ့။

နောက်ပြီး အဆက်ဆက် တော်ဝင်နွယ်တွေထဲက ထင်ရှားသူတွေရဲ့ ရုပ်အလောင်းတွေကိုလည်း ဒီဘုရားကျောင်းကြီးထဲမှာပဲ မြှုပ်နှံလို့ထားပါသတဲ့။ လက်ရှိ အင်္ဂလိပ်ဘုရင်မကြီး အဲလီဇဘက်ကလည်း ကွယ်လွန်ပြီးနောက် သူ့ရဲ့ခန္ဓာအလောင်းကို ဒီဘုရား ကျောင်းကြီးအတွင်းမှာ ထာဝရလဲလျောင်းနေစေဖို့ စီမံထားပါတယ်တဲ့။ သေလွန်တဲ့နောက်မှာပင်လျှင် မဟာနွယ်ဝင်တွေကြားမှာပင် အစဉ်လဲလျောင်း သွားလိုဟန်ပေ့ါ။ ဆွေတော်မျိုးတော်တွေဖြစ်တဲ့ စတုတ္ထနဲ့ သတ္တမမြောက် အက်ဒဝပ်ဘုရင်၊ ဆဋ္ဌနဲ့ အဋ္ဌမြောက်ဘုရင် ဟင်နရီ၊ အဲလီဇဘက်ဘုရင်မ ဝုဒ်ဘဲလ်၊ ဘုရင်မ အလက်ဇန္ဒရားနဲ့ ချားဘုရင် စသူတို့ကိုလည်း ဒီဘုရားကျောင်းကြီးထဲမှာပဲ မြှုပ်နှံထားတယ် မဟုတ်လား။ အသက်ရှင်စဉ် တော်ဝင်တို့ရဲ့ ဆုတောင်းဝတ်ပြုရာနေရာ၊ ကွယ်လွန်ပြီးနောက်မှာတော့ တော်ဝင်တို့ရဲ့ ဂူသချိုင်းဖြစ်ရပြန်တဲ့ ဒီဘုရားကျောင်းကြီးကတော့ သူ့ရဲ့ ချိုမြတဲ့ ခေါင်းလောင်းသံ၊ သူ့ရင်က လျှံကျလာတဲ့ ဓမ္မတေးသံသာတွေနဲ့ တော်ဝင်တို့အတွက် နောင်နှစ်ပေါင်းကြာရှည်စွာပဲ ဆက်ကာသာ ဝန်ဆောင်မှုအပြည့် ပေးကာနေပေလိမ့်ဦးမှာပါပဲ။ ဝင်ဆာဆိုတဲ့ ဒီနေရာဝန်းကျင်လေးဟာလဲ ခုလိုပဲ စိမ်းလန်းတဲ့ မြက်ခင်းပြင်၊ ရောင်စုံဖြာ ဖူးပွင့်နေတဲ့ ပန်းရုံတော၊ တသောသော မပြတ် အလည်အပတ် ရောက်ရှိနေတဲ့ ကိုယ့်လိုဘဝတူ ခရီးသွားဧည့်သည်တွေနဲ့ ထာဝရလှပစည်ကားလို့ နေလေဦးမှာပါပဲ။



နောက်တခါ အချိန်ရလျှင်ဖြင့် သင့်ကို ဝင်ဆာရဲတိုက်ကြီးအတွင်း ခေါ်သွားပါဦးမယ်။ အဲဒီတော့မှ ကိုယ်မြင်ခဲ့သမျှ ပြန်လည်ဖောက်သည်ချပြဦးမယ်လေ။ ဒါပေမယ့် ကိုယ်တိုင်မြင်မှသာလျှင် ယုံကြည်တတ်တဲ့ တစ်ဖက်စွန်းရောက် အမြင်မျိုး သင့်မှာ ရှိမနေဖို့ကိုတော့ ကြိုပြောထားချင်ပါရဲ့။ နောက်ပြီး ကိုယ်ပြောသမျှကို ခိုင်မာတဲ့ သမိုင်းအချက် အလက်အဖြစ် မှတ်တမ်းပြုလောက်စရာလို့လည်း အစွန်းရောက်စွာ မမှတ်သားလိုက်ပါနဲ့။ ကိုယ်က ပုံပြောသမားတစ်ယောက် မဟုတ်ပေမယ့် သမိုင်းသုတေသန တစ်ဦးလည်း မဟုတ်ပြန်ဘူးလေ။ ။